The Soortee Bara Bazaar Municipalization [Amendment] Act 1951.
(Act No. XXIII of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ် အက်ဥပဒေအမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ၏ပုဒ်မ ၈ နောက်တွင်၊ အောက်ပါပြဋ္ဌာန်းချက်များကို၊ ပုဒ်မ ၉ အဖြစ်ဖြင့်ထည့်သွင်းရမည်။

၉။ ။(၁) အခြားတည်ဆဲ တရားဥပဒေတခုခုတွင်ဖြစ်စေ၊ သဘောတူစာချုပ် စာတမ်းတခုခုတွင်ဖြစ်စေ၊ ဆန့်ကျင်ဖွယ်ရာ ပါရှိစေကာမူ၊ နိုင်ငံတော်သမတက ဤကိစ္စအတွက် သတ်မှတ်သည့်နေ့ရက်တွင်၊ ရန်ကုန်မြို့ရှိ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ဟု ခေါ်တွင်သည့် မြေရာအဆောက်အဦ စသည်တို့ကို ကုမ္ပဏီမှလွှဲယူပိုင်ခွင့်သည်၊ နိုင်ငံတော်သမတ၌ ရှိစေရမည်။ ယင်းသို့လွှဲယူသည့်အခါ၊ အဆိုပါစူရတီဘာရားဘဇား (သိမ်ကြီးဈေး) သည်၊ နိုင်ငံတော်သမတကခန့်မည့် အုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်ရှိလာရမည့်ပြင်၊ နိုင်ငံတော်သမတက ဤကိစ္စအတွက်သတ်မှတ်သည့်အချိန်အထိ၊ ထိုအဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ဆက်လက်တည်ရှိရမည်။

(၂) အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို လွှဲယူပြီးနောက် မည်သည့်အခါတွင်မဆို၊ နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်နေ့မှစ၍၊ အဆိုပါ သိမ်ကြီးဈေးကို ကော်ပိုရေးရှင်းသို့ အပြီးအပိုင် လွှဲအပ်လိုက်သည် ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အတိုင်း၊ အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) သည် အဆိုပါ နေ့မှစ၍ ကော်ပိုရေးရှင်းပိုင်ဖြစ်စေရမည်။

(၃) နိုင်ငံတော် သမတသည်၊ ဤပုဒ်မပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၄) အဆိုပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးသဖြင့် ထိုနည်းဥပဒေများသည်၊ အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) အဖွဲ့ဖွဲ့စည်းပုံ၊ အဖွဲ့၏အာဏာများနှင့်တာဝန်ဝတ်တရားများ။
( ခ) အဖွဲ့၏ ရာထမ်းမှုထမ်းများခန့်ထားခြင်း နှင့် ထိုသူတို့၏လစာစရိတ်ကြေးငွေနှင့် အမှုထမ်း စည်းကမ်းများကို သတ်မှတ်ခြင်း။
(ဂ) ရာထမ်းမှုထမ်းများ၏တာဝန်ဝတ်တရားများနှင့်အာဏာများ။
(ဃ) နိုင်ငံတော်သမတထံ အစီရင်ခံစာများ တင်သွင်းခြင်း။
(င) အဖွဲ့ကထားရှိရမည့် စာရင်းများကို စစ်ဆေးခြင်း၊
(စ) ဈေးကိုစီမံထားရှိခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

G.U.B.C.P.O.—No. 214 M. of J.A., 16-8-51—2,000—II.

Price,—One anna.]